M-WPS
Myanmar - Women, Peace and Security

## "၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း အွန်လိုင်းမှ ပြုလုပ်သော အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဖိုရမ်မှ သဘောထားထုတ်ပြန်ချက်"

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်။

ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ချမှတ်ခဲ့သော နှစ်ပတ်လည်လဖြစ်သည့် အောက်တိုဘာလတွင် မြန်မာအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအဖွဲ့က လက်ရှိမြန်မာနိုင်ငံ၏ အကြပ်အတည်း ကာလအတွင်းရှိ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေအနေများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်တွင် အွန်လိုင်းဖြင့် နှစ်ရက်တာ ဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် နိုင်ငံအသီးသီးမှ မြန်မာ့အရေး တက်ကြွလှုပ်ရှားသူများ စုစုပေါင်း (၇၄) ဦး (ကျား ၇ ဦး ၊ မ ၆၇ ဦး) ပါဝင်ခဲ့ကြပြီး အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အချက်များကို အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်သည်။

- မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာရှိ ပဋိပက္ခများ အဆုံးသတ်မှသာလျှင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ပိုမိုတိုးတက်လာနိုင်မည် ဖြစ်သည့်အတွက် သက်ဆိုင်သည့် ခေါင်းဆောင်များအနေဖြင့် ပဋိပက္ခများကို တားဆီးကာကွယ် အဆုံးသတ်ပေးရန်။
- အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကိစ္စရပ်များ ဆွေးနွေးရာတွင် စစ်ကောင်စီမှ ပဋိပက္ခ အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို နှစ်ပေါင်းများစွာ အစဉ်တစိုက် လက်နက် သဖွယ် အသုံးပြုနေခြင်းအား အချက်အလက်များနှင့်တကွ မှတ်တမ်းတင်ဖော်ပြကာ တရားမျှတမှုရရှိစေရေး ဆောင်ရွက်ရန်။
- လူ့အခွင့်အရေးကို ဆိုးရွားစွာ ချိုးဖောက်နေသော စစ်ကောင်စီနှင့် ချိတ်ဆက်ဆောင်ရွက်နေ ခြင်းသည် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်အရေး၊ ကျား-မ တန်းတူညီမျှရေး၊ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး စသည်တို့ကို အားကောင်းလာစေနိုင်မည်မဟုတ် သဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများမှ စစ်ကောင်စီ အား တရားဝင်မှုရရှိစေမည့် အရာများ မလုပ်ဆောင်ရန်။

- လက်ရှိတွင် အကြမ်းဖက် စစ်ကောင်စီ၏ ရွေးကောက်ပွဲ ပြင်ဆင်နေမှုအား ပံ့ပိုးကူညီမှုများ လုံးဝမပြုလုပ်ရန်။
- အကြမ်းဖက်စစ်ကောင်စီအား လက်နက်ပံ့ပိုးခြင်း၊ နည်းပညာပံ့ပိုးခြင်း မပြုလုပ်ရန်။
- အမျိုးသမီးများ၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ ပဋိပက္ခဖြေရှင်းရေး၊ လူသားခြင်းစာနာ ထောက်ထားမှု အကူအညီပေးရေးစသည့် ကဏ္ဍများတွင် ပါဝင်မှုနှင့် ခေါင်းဆောင်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် ကြားကာလနှင့် အသွင်ကူးပြောင်းရေးကာလများတွင် မူဝါဒများ၊ ဥပဒေများ၊ အစီအမံများ ထည့်သွင်းရေးဆွဲရန်။
- အမျိုးသမီးများ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများအား နည်းမျိုးစုံနှင့် အကြမ်းဖက်ခြင်းမှ ကာကွယ်နိုင်ရန် မူဝါဒများထားရှိရုံသာမက ထိုမူဝါဒများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရေး လုပ်ဆောင်ပေးရန်။
- အကြမ်းဖက်မှုကျူးလွန်သူ မည်သူ့ကိုမဆို ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် လုံးဝမပေးရန်။
- အကြမ်းဖက်မှုကျူးလွန်ခြင်းသည် စစ်ရာဇဝတ်မှုဖြစ်သောကြောင့် တိုင်းရင်းသား တော်လှန်ရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ လိုက်နာရမည့် ကျင့်ဝတ်များတွင် လူ့အခွင့်အရေး၊ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အလေးထားမှုရှိစေရေး ထည့်သွင်းရန်။
- ကျား၊မတန်းတူညီမျှရေးကို ထည့်သွင်းစဉ်းစားသည့် လူသားချင်းစာနာထောက်ထားသော အကူအညီများ ပံ့ပိုးရန်။
- မြန်မာနိုင်ငံ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အရေးကိစ္စများအား အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှ အတည်ပြုထားသည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာမူဘောင် (၂၀၂၄-၂၀၂၇) ကို ကိုးကားပြီး ထိုမူဘောင်အား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးကို ဦးတည်ဆောင်ရွက်ပေးရန်။

**အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆွေးနွေးပွဲ တက်ရောက်လာကြသူများ။**

**ဆက်သွယ်ရန်**

**မိဆောင်တဂျို** (Coordinator, Myanmar - Women, Peace and Security)

+66 93 538 5190 (Signal)

**နန်းအွမ်ခမ်း** (Advisor, Myanmar - Women, Peace and Security)-

+95 9780143518 (Signal)